# နိဒါန်း

ဗုဒ္ဓဝင်ဆိုသည်မှာ "ဗုဒ္ဓဝံသ" ပါဠိမှ ဖြစ်လာသော ပါဠိသက် မြန်မာဝေါဟာရ ဖြစ်၏။ ဘုရားရှင်တို့၏ ဖြစ်စဉ်၊ ဘုရားရှင်တို့၏ အကြောင်းအရာ၊ ဘုရားရှင်တို့၏ အတ္ထုပ္ပတ္တိ-ဟု အဓိပ္ပါယ်ရသည်။ ထိုအဓိပ္ပါယ်ကို ရည်၍ "ဘုရားကြောင်းအဖင်၊ ဗုဒ္ဓဝင်ကို၊ နာလျှင်ဉာဏ်ဘွား၊ သူတော်များတို့"ဟု ဗုဒ္ဓုပ္ပတ္တိပျို့၌ စာဆိုဂုဏ်ကျော် အရှင်မဟာသီလဝံသ ဆရာတော် ဖွဲ့ဆိုတော်မူခဲ့သည်။

လောကတွင် ဘာသာတိုင်း ဘာသာတိုင်း၌ ဘာသာဝင်တို့သည် မိမိတို့ ကိုးကွယ်နေသော ဘုရား၏ ဖြစ်တော်စဉ် အကြောင်းအရာများကို သိရှိနားလည်ထားကြရသည်မှာ လောကဓမ္မတာပင် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည်လည်း မိမိတို့ကိုးကွယ်နေသော ရှင်တော်ဗုဒ္ဓဂေါတမ၏ ဘုရားကြောင်းအဖင် ဗုဒ္ဓဝင်ကို အလေးထား နားလည်ထားသင့်ကြပေသည်။

အမှန်ဆိုရသော် ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်တို့မှာ မိဘတို့က ဗုဒ္ဓဘာသာ ဖြစ်ကြသဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြ၏။ ထို့ကြောင့် မိမိတို့ဘာသာ၌ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်မှု သဒ္ဓါစစ် သဒ္ဓါမှန်နှင့် ပြည့်စုံသူများကား ရှားကြ၏။ ထိုယုံကြည်မှု သဒ္ဓါမျိုးဖြစ်လာရန်မှာ "ဗုဒ္ဓကြောင်းရာ၊ ကောင်းစွာသိမှ၊ ဗုဒ္ဓကို လည်းကြည်ညိုမည် (ယုံကြည်မည်)"ဟု အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး လမ်းညွှန်ဆုံးမ ထားတော်မူသည့်အတိုင်း မိမိတို့ကိုးကွယ်နေသည့် ဗုဒ္ဓ၏ အကြောင်းအရာများကို ပထမဆုံး ရှေးစွာ သိရှိနားလည်ထားရန် လိုပါသည်။

ဘုရားရှင်ကို ကြည်ညိုမှ ဘုရားဟောတရားနှင့် ဘုရား၏ သာဝကသံဃာများကိုလည်း ကြည်ညိုမည်၊ ယုံကြည်မည်။ ဤသို့ ရတနာသုံးပါးတို့ကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သည့် သဒ္ဓါတရားမျိုးရှိပါမှ သရဏဂုံ ဆောက်တည်လျှင် သရဏဂုံတည်၍ ဗုဒ္ဓဘာသာဝင် ဥပါသကာ ဖြစ်လာနိုင်၏။

ထို့ကြောင့်ရှေးကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့မိမိတို့ကိုးကွယ်နေသည့် ဂေါတမဘုရားရှင်၏ ဖြစ်စဉ်ကြောင်းရာတို့ကို ကောင်းစွာသိရှိ နားလည်ကြစေရန် ရည်ရွယ်ပြီး —

၁။ ဂါထာဝတ္ထုဥဒါနဒီပနီကျမ်း (ဒီပဲယင်းဆရာတော်၊ အတွဲ-၅တွဲ၊ နှာ-၁၄၁၅)
၂။ မာလာလင်္ကာရကျမ်း (ဒုတိယမဲထီးဆရာတော်၊ အတွဲ-၅တွဲ၊ နှာ-၃၃၅)
၃။ ဇိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ်ဆရာတော်၊ နှာ-၈၂၀)
၄။ ဇမ္ဗူ့မိတ်ဆွေ မဟာဗုဒ္ဓဝင်ကျမ်း (ငါးနှံဆရာတော်၊ အတွဲ-၃တွဲ၊ နှာ-၆၀၀)
၅။ မူလဗုဒ္ဓဝင်ကျမ်း (ကျမ်းပြုသူမပေါ်၊ နှာ-၁၇၁)
၆။ သုဓမ္မဝတီ ဗုဒ္ဓဝင်ဝတ္ထု (ဗုဒ္ဓဝင်ဦးထွန်းစိန်၊ နှာ-၅၁၂)
၇။ ပိုင်အမ်ဘီဧအော ရုပ်ပုံဗုဒ္ဓသာသနာဝင် (မဟာဂန္ဓာရုံဆရာတော်၊ နှာ-၆၅)
၈။ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် (မင်းကွန်း တိပိဋကဓရဆရာတော်၊ အတွဲ-၆တွဲ၊ နှာ-၄၆၀၃)

စသည်ဖြင့် ဗုဒ္ဓဝင်ကျမ်း အစောင်စောင်တို့ကို ကြိုးစားပြုစုခဲ့ကြသည်။

ဤသို့ ရှေးဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓဝင်ကျမ်းများကို အကျဉ်းအကျယ်တစ်မျိုး၊ အလယ်အလတ်တစ်ဖုံ စုံနေအောင် ပြုစုရေးသား ခဲ့ကြသော်ငြားလည်း ထိုဗုဒ္ဓဝင်စာအုပ်များကို လူတို့ဖတ်ရကောင်းသော စာအုပ်များဟူ၍ သိသည့် ဗုဒ္ဓဘာသာဝင်များကား အလွန်ရှား၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် လူလတ်ပိုင်း၊ လူကြီးပိုင်းများပင် ဗုဒ္ဓဝင်လာ အကြောင်းအရာများကို ကောင်းစွာ မသိရှိကြချေ။

ပိုင်အမ်ဘီဧအောအသင်းကြီး၌ အခြေခံဗုဒ္ဓအဘိဓမ္မာ သင်တန်းကို ပို့ချခဲ့စဉ်က အဘိဓမ္မာသင်တန်းသားအချို့ကို "ဘုရားအလောင်းဟာ ဒုက္ကရစရိယကို ဘယ်နေရာမှာ ကျင့်ခဲ့သလဲ၊ ဒုက္ကရစရိယာ-၆နှစ် ကျင့်လို့ဘုရား ဖြစ်တာလား

ဈာန်ကျင့်စဉ်တွေကို ဘုရားလောင်းသင်ယူခဲ့တဲ့ ဂိုဏ်းဆရာရသေ့ကြီး နှစ်ဦးဟာ ဘယ်သူတွေလဲ၊ ဒီလိုသင်ယူခဲ့ပါလျက် ဘုရားမှာ ဆရာမရှိဟု ဘယ်လိုပြောနိုင်သလဲ၊ "ရသေ့ညီနောင် ရှင်တစ်ထောင်" ဆိုတာကော သိသလား။ ရသေ့ညီနောင်သုံးဦးတို့ရဲ့ နာမည်က ဘယ်လိုခေါ်သလဲ၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီး နောက်ဆုံး မှာကြားချက်က ဘာလဲ စသည်ဖြင့် ဗုဒ္ဓဝင်မေးခွန်းများကို မေးမြန်းခဲ့ဖူး၏။ မေးမြန်းချက် အားလုံးလိုလိုကိုပင် မဖြေနိုင်ကြသဖြင့် တအံ့တသြ ဖြစ်ခဲ့ရ၏။ အလွယ်ဆုံးဖြစ်သည့် ဒုက္ကရစရိယာကျင့်သော နေရာကိုပင် "မိဂဒါဝုန်တော"ဟု ချည်း ဖြေကြသဖြင့် သူတို့ဗုဒ္ဓဝင်ကို ခသသေချာချာ မသိကြောင်း မလေ့လာ မဖတ်ရှုဖူးကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ဤသို့ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ "ဗုဒ္ဓကြောင်းရာ ဗုဒ္ဓဝင်ကျမ်းအများ"ကို မလေ့လာမဖတ်ရှုဖြစ်ကြခြင်းသည် ယခုရှိနေသော ဗုဒ္ဓဝင်ကျမ်းစာအုပ်များမှာ အလွန်ကျယ်လွန်း၊ အလွန်စာမျက်နှာများလွန်းသောကြောင့်ဖြစ်သည်"ဟု ယူဆပါသည်။ ဥပမာ စာမျက်နှာ (၈၂၀)ရှိ ဇိနတ္ထပကာသနီကျမ်း၊ အတွဲ-၆တွဲ(အုပ်ရေ-၈အုပ်) စာမျက်နှာပေါင်း(၄၆၈၃)ရှိသော ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် ကျမ်းကြီးများ ကဲ့သို့ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင် လူကြီး လူငယ် လူရွယ် လူလတ် အားလုံးတို့ ဖတ်ရှုချင်လာအောင်, ဖတ်ရှုဖြစ်အောင် စိတ်ဝင်စားဖွယ်ရာ, ကြည်ညိုချင်ဖွယ်ရာ ဗုဒ္ဓတ္ထစရိယာ၊ လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ စသော အဓိက အချက်အလက်များ စုံစုံလင်လင် ပါဝင်သော အနှစ်ချုပ် ဂေါတမ ဗုဒ္ဓဝင်ကျမ်း တစ်ကျမ်း ဗုဒ္ဓဘာသာဝင်များ အဖို့ အထူးလိုအပ်နေပါသည်။ ထိုလိုအပ်ချက် ကွက်လပ်ကို ဖြည့်ပေးရန် အတွက် ဤဗုဒ္ဓဝင်ကျမ်းကို ရေးသားပြုစုရခြင်းဖြစ်ပေသည်။ ဤသည်ပင်လျှင် ဤဗုဒ္ဓဝင်ကျမ်းကို ရေးသားပြုစုခြင်း၏ အကြောင်းရင်း နိဒါန်း ဖြစ်ပေသည်။

## မိတ်ဆက်လွှာ

ဤကျမ်းစာအုပ်ကို မဖတ်ရှု မလေ့လာမီ စာဖတ်ပရိသတ်များအား ဤစာအုပ်နှင့်မိတ်ဆက်ပေးလိုပါသေးသည်။ ဤစာအုပ်တွင် နှစ်ကျိပ်ရှစ်ဆူ

ဗုဒ္ဓဝင်နှင့် သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်ဟူ၍ အပိုင်းကြီး ၂-ပိုင်း ခွဲ၍ တင်ပြထားပါသည်။ နှစ်ကိုဋ်ရှစ်ဆူ ဗုဒ္ဓဝင်တွင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း၌ တဏှင်္ကရာဘုရားအစ အရိမေတ္တေယျဘုရားအဆုံး နှစ်ကိုဋ် ကိုးဆူသော မြတ်စွာဘုရားများ ပွင့်တော်မူရာတွင် ဂေါတမဘုရားလောင်းသည် တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား ဤဘုရားသုံးဆူတို့ ထံတော်မှောက်၌ ဗျာဒိတ်မရခဲ့ဘဲ၊ ဒီပင်္ကရာဘုရားမှ စ၍ ကဿပဘုရားအထိ နှစ်ကိုဋ် လေးဆူသော ဘုရားများ၏ ထံတော်၌သာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့သည်။ ဤအခန်း၌ ဂေါတမဘုရားလောင်း ဗျာဒိတ် ပန်ဆင် ခဲ့သည့် နှစ်ကိုဋ်လေးဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်အကျဉ်းချုပ်များ အပြင် ဗုဒ္ဓဝင်များတွင် ဖေါ်ပြလေ့မရှိသော တဏှင်္ကရာ၊ သရဏင်္ကရာ၊ မေဓင်္ကရာ ဘုရားသုံးဆူတို့၏ ဗုဒ္ဓဝင် အကျဉ်းချုပ်များကိုပါ ဖေါ်ပြထားရာ ၂၈-ဆူ ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များကို တဝကြီး ဖတ်ရှုကြရမည် ဖြစ်သည်။

အခန်း (၂)မှာ ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံတော်မှ နိယတဗျာဒိတ်ခံယူတော်မူခန်းဖြစ်၏။ သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်ကိုမူ သုမေဓာရသေ့ဘဝလေး ဆုတောင်းခန်းမှ စ၍ ဘုရားရှင် ပရိနိဗ္ဗာန်စံခန်းအထိ အခန်းပေါင်း(၁၅)ခန်း ခွဲကာ စီစဉ် တင်ပြထား၏။

အခန်း(၁)မှာ သုမေဓာဆုတောင်းခန်းဖြစ်သည်။ ထိုအခန်းတွင် ဘဝအကျဉ်းထောင်မှ လွတ်မြောက်ကြောင်းလမ်းစဉ် ရှာမှီးရေးနှင့် ပတ်သက်၍ "ရန်သူပိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သော်လျက်၊ ပြေးမထွက်၊ လမ်းထွက်မဟုတ်ချေ။ မစင်လူးလျှင်၊ ရေအကြည်လင်သည်၊ ရေစင်ရှိလျက်၊ မဆေးချက်၊ ကန်တွက်မရှိလေ" စသည်ဖြင့် သုမေဓာသူဌေးသား ကလေး၏ အဆင့်မြင့်၍ သဘာဝကျပြီး မြင်နိုင်ခက်သော စဉ်းစားတွေးခေါ် ချက်များကိုလည်းကောင်း၊ သုမေဓာရသေ့နှင့် သုမိတ္တာသူဌေးသမီးတို့၏ ဆုံပန်ကြုံပုံကိုလည်းကောင်း ပွဲဦးထွက် စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြရ ပေမည်။ ပါရမီများဖြည့်ကျင့်ခန်းကား အခန်း(၃) ဖြစ်၏။ ဘုရားဖြစ်ရန် ပါရမီ များကို ဖြည့်ကျင့်ရသည် ဖြစ်သောကြောင့် ပါရမီများကို ဖြည့်ကျင့်ခြင်းသည်

စရိယသုံးပါးတွင် ဗုဒ္ဓတ္တစရိယ ဖြစ်သည်။ ထိုအခန်း၌ ဘုရားအလောင်းတော် သူမြတ်၏ ဒါနစသော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ ဖြည့်ကျင့်ခဲ့ပုံတို့ကို သက်ဆိုင်ရာ ဝတ္ထုသာဓက အထောက်အထားများစွာတို့ဖြင့် တန်ဆာဆင်၍ တင်ပြထားရာ ဘုရားရှင်အား ဘုရားလောင်းဘဝမှာပင် ကြည်ညိုသဒ္ဓါစိတ်များ တဖွားဖွား ဖြစ်ပေါ်လာသည်ကို တွေ့ရှိခံစားကြရမည် ဖြစ်ပါသည်။

အလောင်းတော် ပဋိသန္ဓေယူခန်းမှစ၍ ဘုရားရှင် ပရိနိဗ္ဗာန်စံခန်း အထိ ကျန်(၁၂)ခန်းတို့ကား ရှင်တော်ဗုဒ္ဓ၏ နောက်ဆုံးဘဝ ဖြစ်တော်စဉ်များ ဖြစ်၍၊ ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တရှင် ပြည့်စုံတော် မူသော ဘုရားရှင်၏ ထိုဖြစ်တော်စဉ်များကို မကျဉ်းမကျယ်၊ သိပ်သိပ် သည်းသည်း၊ အချက်အလက်စုံစုံ၊ အကွက်စေ့စေ့ လွယ်ကူသော ဝေါဟာရ အသုံးအနှုန်း များဖြင့် ရေးသားတင်ပြထားပါသည်။

ထို့ကြောင့် ထိုအခန်းများတွင် အံ့ဩဖွယ်ရာ၊ ချီးကျူးဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ၊ ကြည်ညိုသဒ္ဓါ အဖြာဖြာဖြစ်ဖွယ်ရာ၊ စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ အကြောင်းအရာ အဖြာဖြာတို့ကို စုံလင်စွာ ဖတ်ရှုကြရပြီး မိမိတို့ကိုးကွယ်သော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအပေါ်၌ ရှေးကနှင့်မတူ တစ်မူထူးခြားစွာ မတုန်မလှုပ် သက်ဝင်ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားများ တဖွားဖွား ပေါ်ပေါက်လာကြမည် ဖြစ်ပါသတည်း။

မဟာစရိယ ဦးအေးနိုင်(ဘီအေ)
မဟာသဒ္ဓမ္မဇောတိကဓဇ